# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၃ / ၂၀၂၁ )

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(ဆ) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်း တိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်း၊"

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ရယူ၍ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ယာယီတာဝန်ပေးအပ်နိုင်သည်။"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မှတ်တမ်းထားရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်-

(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဥ့်အိပ်ညဥ့်နေ ဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း၊

(ခ) မိမိထံလာရောက်တည်းခိုသော ဧည့်သည် ပြန်လည်ထွက်ခွာသွားခြင်း။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈နှင့် ပုဒ်မ ၁၉ တို့ပါတာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကို ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၈ တွင် ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ)အရ ယာယီတာဝန်ပေးအပ်ခံရသူအတွက် ချီးမြှင့်ထောက်ပံ့ငွေ၊

(ဂ) သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၃၃ ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စ နှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်းမပြုရ။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ